ဖာနိုင်းကျေးရွာ

ပုရစ်ဖာနိုင်းကျေးရွာအုပ်စု ၊ ဟုမ္မလင်းမြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဖာနိုင်း ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဟုမ္မလင်းမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

မေလ၊ ၂၀၂၀

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
မာတိကာ	၁-၂
၁။ ဖာနိုင်း ကျေးရွာ သဘာဝသယံဇာတပြမြေပုံ	၃
၂။ ဖာနိုင်း ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်	၄
၃။ တည်နေရာနှင့် ပထဝီအနေအထား	၅
၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၅
၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ	၅
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၅
(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၅-၆
(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ	**၆**
(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု	**၆-၇**
(င) ပညာရေး	**၇-၈**
(စ) ကျန်းမာရေး	**၈**
(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	**၉**
(ဇ) ကျား - မ ရေးရာ	၉
၆။ ဦးစားပေးဆောင်ရွက်မည့် နှစ်အလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းများ	၁၀
၇။ ဖာနိုင်း ကျေးရွာ ဦးစားပေးစီမံချက်များ	၁၁
၈။ ဖာနိုင်း ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၂

မာတိကာ


အကြောင်းအရာ စာမျက်နှာ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား ၁၃–၁၄

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ ၁၅–၁၅

၁။ ဖာနိုင်း ကျေးရွာ သဘာဝသယံဇာတပြမြေပုံ



၂။ ဖာနိုင်းကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

၃။ တည်နေရာနှင့် ပထဝီအနေအထား

ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာသည် ဟုမ္မလင်းမြို့နယ်တောင်ဘက်တွင် တည်ရှိပြီး အုပ်စုရုံးစိုက်ရာ ကျေးရွာတစ်ရွာလည်းဖြစ်သည်။ ကျေးရွာသည် ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိပြီး မြစ်နှင့်(၁)မိုင်ခန့်အကွာ မညီညာသောတောင်ကုန်းပေါ်တွင် တည်ရှိပါသည်။ ပွင့်လင်းရာသီတွင် ဟုမ္မလင်းမြို့သို့ ဆိုင်ကယ်နှင့်သွားလာနိုင်ပြီး ရေလမ်းခရီးကို ရာသီမရွေးသွားလာနိုင်သည်။ ရွာသည် မညီညာသော တောင်ကုန်းပေါ်တွင် တည်ရှိသည့်အတွက် နှစ်စဉ်မိုးရေတိုက်စားမှုကြောင့် ရွာတွင်းလမ်း၊ရွာချင်းဆက်လမ်းများ ပျက်စီးမှုနှင့်ကြုံတွေ့နေရသည်။ ရွာ၏အရှေ့ဘက်တွင် စန်းဆိုင်ရွာ၊ အနောက်ဘက်တွင် တာခေါင်းငေါရွာနှင့်မြင်သာရွာ၊အရှေ့မြောက်ဘက်တွင် ပုရစ်ရွာ၊မြောက်ဘက်တွင် မုက္ကလိရွာ စသည့်ရွာတို့နှင့် မနီးလွန်းမဝေးလွန်းရွာချင်းဆက်လျက်တည်ရှိပါသည်။ကျေးရွာသည် မြောက်ဘက်စီးဆင်းလာသော ပုရစ်ချောင်းနှင့်တောင်ဘက်စီးဆင်းလာသော နန်းနစ်ချောင်းနှစ်ခုတို့ ဆုံရာ တောင်ကုန်းပေါ်တွင် တည်ရှိပြီးချောင်း၏တစ်ဖက်တစ်ချက်တွင် ညီညာကျယ်ဝန်းသော သီးနှံစိုက်ခင်းများနှင့် စပါးစိုက်ခင်းများကို လွမ်းမောသဖွယ်တွေ့မြင်နိုင်ပါသည်။

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာသည် မိုးရေချိန်အများဆုံး ရရှိပြီး စိုစွတ်သောရာသီဥတုဟုဆိုရပေမည်။ မြေဆီလွှာကောင်းမွန်သောလည်း မိုးစပါးစိုက်ချိန်တွင် မြစ်ရေလွှမ်းမိုးမှုကြောင့် စိုက်ပျိုးချိန်နောက်ကျခြင်း၊ စိုက်ပြီးစပါးပင်များပျက်စီးမှုနှင့် နှစ်စဉ်လိုလိုကြုံတွေ့နေရသည်။ နွေစပါးသိမ်းချိန်နှင့်ပဲမျိုးစုံသိမ်းချိန်တို့တွင်လည်း မိုးရွာသွန်းတတ်မှုကြောင့်အထွက်နှုန်းလျော့ကျမှုနှင့်ကြုံတွေ့ရတတ်သည်။ကျေးရွာတွင်သယံဇာတတွင်းထွက်အဖြစ်ရွှေသတ္တုအနည်းငယ်ထွက်ရှိပါသည်။သစ်တောထွက်အဖြစ်ထင်း၊မီးသွေးစသည်တို့ထွက်ရှိပါသည်။ လူနေထူထပ်ပေါများလာမှုကြောင့် သဘာဝတိရိစ္ဆာန်မျိုးစိတ်များ ကျက်စားပေါက်ဖွားမှုမှာ မရှိသလောက်ရှားပါးသွားပြီ ဖြစ်ပါသည်။

၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး၊သာရေး/နာရေးစသောကိစ္စအဝဝကို ဆောင်ရွက်ကြရန် အဖွဲ့အစည်းတော်တော်များများရှိပါသည်။ အသံသာရှိပြီး အဆံမရှိသော အဖွဲ့အစည်းများလည်းရှိပါသည်။ ဥပမာ နာရေးကူညီမှုအသင်းသာရှိသော်လည်း နာရေးနှင့်ပတ်သက်

သော ကိစ္စများကို တာဝန်ယူပြီး ကူညီခြင်းမျိုးမရှိပေ။ အမျိုးသမီးရေးရာအသင်းသာရှိသော်လည်း အမျိုးသမီနှင့်ပတ်သက်သော ကိစ္စရပ်များ ပေါ်ပေါက်လာပါက ခေါင်းရှောင်တတ်သော အဖွဲ့အစည်းမျိုးလည်းရှိပါသည်။ကျေးရွာ၏အုပ်ချုပ်ရေးပိုင်းတွင် အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ရပ်မိရပ်ဖစသော ပုဂ္ဂိုလ်များက တာဝန်ယူမှုအပြည့်အဝရှိကြသည်။ ကျေးရွာ၏လုံခြုံရေးပိုင်းနှင့် သဘာဝ ဘေးအန္တရာယ် ကာကွယ်လျော့ချမှုအပိုင်းတို့တွင် မီးသတ်တပ်ဖွဲ့မှအလင်းသင့်သလို တာဝန်ယူဖြေရှင်းကြသည်။ သာရေး/နာရေးကိစ္စရပ်များ ပေါ်ပေါက်လာပါက ဝိသာခါအဖွဲ့နှင့်အပျိုလူပျိုအဖွဲ့တို့မှ ကူညီဆောင်ရွက်ပေးကြပါသည်။ ပညာရေးပိုင်းဆိုင်ရာ ကိစ္စရပ်များပေါ်ပေါက်လာပါက ကျောင်းကော်မတီအဖွဲ့နှင့် မိဘဆရာ အသင်းတို့က ပူးပေါင်းဆောင်ရွက်ကြပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ တောင်သူလုပ်ငန်းဖြစ်ပါသည်။ကျေးရွာတွင် လယ်ယာမြေ (၁၀၅၈)ဧကရှိပြီး ကိုင်းကျွန်းစိုက်ဧရိယာ (၇၀၃)ဧကရှိပါသည်။ မြေယာမဲ့ဆင်းရဲသားတောင်သူများကလည်း တောင်သူလုပ်ငန်းပေါ်တွင် မှီခိုပြီးအသက်မွေးမှုပြုကြသည်။နယုန်လနှင့်ဝါဆိုလမှအပ ကျန်လများတွင် တောင်သူနှင့်ပတ်သက်သော အလုပ်အကိုင်အခွင့်အလမ်းများပေါများသည်။ တောင်သူလုပ်ငန်းတွင် နေ့စားအဖြစ်ပေါင်းရှင်း၊ ပျိုးနုတ်၊ကောက်စိုက်၊ပဲနုတ် စသောသာမာန်လုပ်ငန်းခွင်တွင် အမျိုးသမီးနှင့်အမျိုးသားတန်းသူ (၅၀၀၀) စီရကြပါသည်။ ထွန်ရေးကိုင်သော အချိန်၌သာ အမျိုးသားများက တစ်နေ့လုပ်ခ(၈၀၀၀နှင့်၁၀၀၀၀)ကြားရရှိကြပါသည်။ ကျေးရွာတွင် အိမ်တွင် ကုန်ထုတ်လုပ်မှုများမရှိပါ။ ဆံပင်၊မိတ်ကပ်စသော အလှပြင်လုပ်ငန်းလုပ်ကိုင်သူများလည်းမရှိကြပါ။

အခြားဝင်ငွေရလုပ်ငန်းအဖြစ် အသေးစားစျေးလက်လီလက်ကားရောင်းချသော စျေးဆိုင်များသာ ရှိပါသည်။တောင်သူလုပ်ငန်းပါးချိန်တွင် လူလတ်တန်းအမျိုးသားများက အခြားသော ကျေးရွာများသို့ရွှေ့မျော အလုပ်သွားရောက်လုပ်ကိုင်ကြသည်။ ကျေးရွာတွင် လုပ်သားအရင်းအမြစ်ပေါ်များသော်လည်း ကားဖြင့်၊ဆိုင်ကယ်ဖြင့်၊ မိုဘိုင်းဖုန်းပြင်စသော လုပ်ငန်းတို့နှင့် အလှမ်းဝေးကွာ လျက်ရှိပါသည်။ ဖာနိုင်းကျေးရွာတွင် အစိုးရဝန်ထမ်းနည်းပါးပါသည်။ လက်သမားလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုသူများရှိကြသော ပန်းရံလုပ်ငန်းလုပ်ကိုင်သူဦးရေမှာနည်းပါးပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာတွင် သစ်ဝါးပေါသော ဒေသဖြစ်သည့်အလျောက် လူနေအိမ်များမှာ အတန်အသင့်ကောင်းမွန်ကြသည်။ ဘာသာရေးအဆောက်အဦး၊ပညာရေးအဆောက်အဦးအများစုမှာလည်းကျေးရွာ၏ပံ့ပိုးမှုနှင့်အဆောက်လုပ်ထားကြခြင်းဖြစ်သည်။ ချောင်းကူးတံတားများကိုလည်း သစ်သားဖြင့် ခိုင်မာအောင် တည်ဆောက်ထားကြပါသည်။ ဟုမ္မလင်းမြို့သို့ရာသီမရွေးစက်လှေဖြင့် သွားလာနိုင်ပါသည်။ ဆက်သွယ်မှု ကွန်ယက်အဖြစ် ကျေးရွာတွင် တာဝါတိုင် (၂) တိုင်ရှိသည့်အတွက် မိုဘိုင်းဖုန်းများ ကောင်းစွာ အသုံးပြုနိုင်ပါသည်။ လျှပ်စစ်မီးအသုံးမပြုနိုင်သော်လည်း အသေးစား ဆိုလာမီးဖြင့် အိမ်တိုင်းနီးပါး အသုံးပြုနေကြပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာရှိ တောင်သူအများစုသည် လယ်ယာလုပ်ငန်းအသုံးစရိတ်အတွက် အရင်းအနှီးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ကေလျှင် (၁၅၀၀၀၀) အတိုး(၈) ရာခိုင်နှုန်းဖြင့် (၆)လတစ်ဖြတ်ထုတ်ချေးပေးလျက်ရှိပါသည်။ အာမခံအဖြစ် မိမိပိုင်ဆိုင်သော ပုံစံ(၇)ကို ဘဏ်သို့ အပ်နှံထားရသည်။ သမဝါယမအသင်းမှလည်း အသင်းဝင်များအား အများဆုံး (၁၀၀၀၀၀)ကျပ်တွင် အတိုး(၂)ကျပ်ဖြင့် (၆)လတစ်ဖြတ်ချေးပေးလျက်ရှိပါသည်။ သမချေးငွေတွင် အာမခံထားစရာမလိုပါ။ အခြားသော အသေးစားငွေစုငွေချေး ဝန်ဆောင်မှုများမရှိပါ။ ကျေးရွာတွင် (Wave Money) အစရှိသော လွှဲငွေဝန်ဆောင်မှုများလည်းမရှိပါ။

တောင်သူတို့၏ဘဝမှာ သီးနှံစိုက်ချိန်ငွေချေးလိုက် သီးနှံပေါ်ချိန် ပြန်ဝယ်လိုက်နှင့်အကြွေးသံသရာလည်နေရပါသည်။ဤသို့ဖြစ်ရခြင်းမှာ သမရိုးကျ နည်းစနစ်ဖြင့်သာ စိုက်ပျိုးခြင်း ၊ မျိုးကောင်းမျိုးသန့်မရှိခြင်း၊ ရာသီဥတုမမှန်ကန်ခြင်းကြောင့် အထွက်နှုန်းလျော့ကျခြင်း၊ သီးနှံဈေးကွက်မှန်ကန်တည်ငြိမ်မှုမရှိခြင်းတို့ကြောင့် ဖြစ်သည်။ တစ်ချို့သော တောင်သူများမှာ ချေးငွေမဆပ်နိုင်သောကြောင့် ကိုယ်ပိုင်လယ်ယာမြေပါရောင်းချ၍ ပေးဆပ်နေကြရသည်။

(င) ပညာရေး

ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာတွင် လက်ရှိပညာသင်ကျောင်းအဆင့်မှာ (၂၀၁၈-၁၉) ပညာသင်နှစ်မှစတင်၍ အထက(ခွဲ)အဆင့်သို့ တိုးမြှင့် ပညာသင်ကြားနိုင်ခဲ့ပါသည်။ လက်ရှိကျောင်းတွင်

ကျောင်းဆရာ/မ (၁၉)ယောက်နှင့် ကျောင်းသား/သူဦးရေ (၅၅၀)ခန့်ပညာသင်ကြားလျက်ရှိပါသည်။ ကျေးရွာ၏လူကြီးပိုင်း/လူလတ်ပိုင်းကို ကြည့်လျှင် ပညာတတ်နည်းပါးကြောင်း တွေ့ရသည်။ ပညာတတ်ဘွဲ့ရ အရည်အတွက်မှာ လက်ချိုးရေ၍ရသော အဆင့်မှာသာရှိနေသေးသည်။ မူလွန်အဆင့် ၊ အလယ်တန်းအဆင့်တွင် ဆယ်စုနှစ်နှင့် ဖြတ်ကျော်ခဲ့ရသဖြင့် အလယ်တန်းအဆင့်နှင့်ကျောင်းပြီးသူဦးရေမှာပေါများလျက်ရှိသည်။ အလယ်တန်းအဆင့် အောင်မြင်ပြီးပါက ရွာနှင့် (၅)မိုင်ဝေးသော (အထက) မြင်သာသို့ ရေတစ်တန်ကုန်းတစ်တန်ဖြင့် ခြေလျှင်ခရီးသွားရခြင်းသင်ကြားစရိတ်မြင့်တက်လာခြင်း၊ အမျိုးသမီးငယ်လေးအတွက် စိတ်မချနိုင်ခြင်းစသည့်အခက်အခဲများကြောင့် အထက်တန်းပညာသင်ကြားနိုင်မှုမှာ အလွန်နည်းပါးခဲ့ရသည်။ ငွေကြေးတတ်နိုင်သော မိဘများကသာ ၎င်းတို့၏သားသမီးများကို မြို့ပေါ်သို့ ဆက်ပညာသင်ကြားစေခဲ့သည်။ ဤသို့သော အခက်အခဲများကို ယခုအခါတွင် ကျော်လွှားနိုင်ခဲ့ပြီးဖြစ်ပါသည်။အထက(ခွဲ)အဆင့်မှ အထကအဆင့်သို့ တိုးမြှင့်နိုင်ရန် လက်ရှိပညာသင်ကြားနေသော ကျောင်းဝန်းဧရိယာမှာ (၁၁) ဧကရှိသော တောင်ပေါ်နေရာသို့ ပြောင်းရွှေ့သင်ကြားနိုင်ရန် စီးဆင်းပြီးဖြစ်ပါသည်။ ၎င်းမြေနေရာတွင် (၁၂၀)ပေ နှစ်ထပ် စာသင်ကျောင်းဆောင် (၁) ဆောင်ကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ၎င်းကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏(VDP)စီမံကိန်းဖြင့်အကောင်အထည်ဖော် ဆောင်ရွက်သော မတည်ငွေ သိန်း (၁၀၀)နှင့်ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း (၂၀)တို့ဖြင့် တည်ဆောက်သော ကျောင်းဆရာ/ဆရာမဝန်ထမ်းအိမ်ရာ (၄၅'x၃၀'x၁၈') ပျဉ်ထောင်/ပျဉ်ခင်း(၁)ထပ်နှင့် ပညာရေးဌာနမှ (၄)ခန်းတွဲ ယင်လုံအိမ်သာ (၂)လုံးတို့ကို တည်ဆောက် အကောင်အထည်ဖော်နေကြပါသည်။ ကျေးရွာသည် ရွာနီးချုပ်စပ်ပေါ်များသော ကျေးရွာဖြစ်သည့်အလျောက် ကျောင်းသားဦးရေမှာ တစ်နှစ်ထက်တစ်နှစ်တိုး များလျက်ရှိပါသည်။ ကျောင်းသားဦးရေ တိုးလာမှုကြောင့် စာသင်ကျောင်းဆောင်လုံလောက်မှုမရှိသည့် ပြဿနာမှာ နှစ်စဉ်ကြုံတွေ့နေရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်မှ စာသင်ကျောင်းဆောင်များ ကူညီပေးနိုင်ပါ ရန် ကျေးရွာသူကျေးရွာသားများက မျှော်လင့်လျက်ရှိပါသည်။

(စ) ကျန်းမာရေး

ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာသည် အုပ်စုရုံးစိုက်ရာ ကျေးရွာဖြစ်သည့်အလျောက် နိုင်ငံတော်မှ တည်ဆောက်ပေးသော ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အဦးရှိသည်။ သားဖွားဆရာမတစ်ယောက်နှင့် လက်ထောက်ကြီးကြပ် တစ်ယောက်ကိုလည်း နိုင်ငံတော်မှ ခန့်ထားပေးသည်။ ဆေးခန်းမှ ကာကွယ်ဆေးမျိုးစုံကို ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးအသက်ကိုလိုက်၍ ထိုးနှံတိုက်ကျွေးပေးပါသည်။ ဗုဒ္ဓဟူးနေ့တိုင်းတွင် သက်ကြီးဘိုးဘွားများအား အခမဲ့ဆေးကုသပေးပါသည်။ ငါးနှစ်

အထက်ကျောင်းနေအရွယ်ကလေးများကိုလည်း အလျင့်သင့်သလို ကာကွယ်ဆေးများထိုးနှံပေးပါသည်။ ကလေးကြီးရိုးရိုးဖျားနာ/ရိုးထိခိုက်ရှနာတို့က ကျေးလက်ဆေးပေးခန်း ဆရာမနှင့်ကုသမှုခံယူကြပြီး အရေးပေါ်လူနာများကိုသာ ဟုမ္မလင်းမြို့ဆေးခန်း၊ ဆေးရုံတို့ သွားရောက်ပြီးဆေးကုသမှုခံယူကြသည်။ ကျေးရွာတွင်စက်တပ်အဝိစိတွင်းမှရေကိုသာ သောက်သုံးခြင်း၊ ရေမှာ သန့်ရှင်းကောင်းမွန်ခြင်း၊ ယင်လုံအိမ်သာကိုသာ အသုံးပြုကြခြင်းတို့ကြောင့် ကျန်းမာရေးမှာ ဆိုးရွားသည့် အခြေအနေတွင်မရှိပါ။ မိုးတပြက်လေတပြက်ကာလဖြစ်သော မိုးဦးဝင်စအချိန်တွင်သာ ဖျား/နာမှုအနည်းငယ်သာရှိတတ်ပါသည်။ အဆိုးရွားဆုံးအနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲသူ ပေါများလာကာ (HIV) နှင့်အခြား ကူးစက်ရောဂါများဖြစ်ပွားနိုင်သောကြောင့် စိုးရိမ်ထိန့်လန့်မိပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာတွင် အများဆုံးကျရောက်တတ်သော သဘာဝဘေးအန္တရာယ်မှာ မိုးစပါးစိုက်ပြီးချိန် မြစ်ရေလွှမ်းခြင်းဖြစ်သည်။မြစ်ရေလွှမ်းမှုကြောင့် ကောက်ပဲသီးနှံများ ပျက်စီးခြင်း ကျွဲ၊ နွားများအစာရေစာရှားပါးခြင်းတို့နှင့်ကြုံတွေ့ရသည်။ ကျေးရွာသည် တောင်တန်းကြီးနှင့်တစ်ဆက်တည်းတည်ရှိသဖြင့် ပွင့်လင်းရာသီချိန်တွင် တောမီး အန္တရာယ်ကျရောက်ခြင်းကိုလည်း တစ်ခါတစ်ရံကြုံတွေ့ရတတ်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်နေမှု လုပ်ငန်းများလုံးဝမရှိပါ။ သစ်စက်မှောက်ခိုလည်ပတ်ခြင်း၊ တရားမဝင် ရွှေမျှောတိုက်ခြင်း၊ နှစ်စဉ်မီးသွေးဖုတ်၊ထင်းခုတ်စသည့်တို့ကြောင့် သစ်တောများပြုန်းတီးလာကာ သဘာဝသက်ရှိမျိုးစိတ်များမရှိသလောက်ရှားပါးလာပြီဖြစ်ပါသည်။

(ဇ) ကျား – မ ရေးရာ

ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာ၏ ကျား/မဆိုင်ရာဆက်နွယ်မှု အနေအထားမှာ တန်းတူညီမျှမှုရှိသည်ဟု ဆိုရပေမည်။ ကျေးရွာရှိ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်းများတွင် ကျား/မ ပါဝင်မှု အချိုးမှာ ညီမျှမှုရှိသည်။ သို့သော်အုပ်ချုပ်ရေး ပိုင်းဆိုင်ရာများတွင် အမျိုးသမီးများ ပါဝင်ခွင့်

မရကြပေ။ အတန်းပညာတတ်မြောက်မှု အခြေအနေကို ကြည့်လျှင် အမျိုးသမီးများက အမျိုးသားများထက် ကျောင်းတက်ခွင့်ပိုရကြသည်။ အမျိုးသမီးများသည် အမျိုးသားများထက် နေ့စားလုပ်အားခလျော့နည်းပြီးရကြပါသည်။ ကျေးရွာ၏ သာရေး/နာရေးနှင့် လုပ်အားပေးဆိုင်ရာတို့တွင် အမျိုးသမီးနှင့် အမျိုးသားများ တန်းတူအလုပ်လုပ်ကြောင်း တွေ့ရပါသည်။ အမျိုးသမီးများအပေါ်ခွဲခြားဆက်ဆံခြင်း အိမ်တွင်းအကြမ်းဖက်မှုများ မရှိပါ။

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်၊ ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊
ဖာနိုင်းကျေးရွာဦးစားပေး ဆောင်ရွက်မည့် နှစ်အလိုက် ဖွံ့ဖြိုးရေး လုပ်ငန်းများ

စဉ်	စီမံချက်	ဦးစားပေးအဆင့်	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
၁	ကျောင်းဆရာ/မ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း ပျဉ်ထောင်/ပျဉ်ခင်း	၁					
၂	ကျေးရွာခန်းမ နံကပ်(၁)ထပ် ဆောက်လုပ်ခြင်း	၂					
၃	အထက်တန်းကျောင်း(ခွဲ) စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း	၃					

၄	ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း	၄					
၅	ချောင်းကူးတံတားတည်ဆောက်ခြင်း	၅					

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္ဓီးခရိုင်၊ ဟုမ္မလင်းမြို့နယ်၊ ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊
ဖာနိုင်းကျေးရွာသဘောတူ သတ်မှတ်ထားသော ဦးစားပေး စီမံချက်များမှာ –

စဉ်	စီမံချက်	အကဲဖြတ်အမှတ်ပေးသူ(၁)	အကဲဖြတ်အမှတ်ပေးသူ(၂)	အကဲဖြတ်အမှတ်ပေးသူ(၃)	အကဲဖြတ်အမှတ်ပေးသူ(၄)	အကဲဖြတ်အမှတ်ပေးသူ(၅)	ရမှတ်ပေါင်း	ဦးစားပေးအဆင့်
၁	ကျောင်းဆရာ/မ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း ပျဉ်ထောင်/ပျဉ်ခင်း	၁၀	၁၀	၁၀	၁၀	၁၀	၅၀	၁
၂	ကျေးရွာခန်းမ နံကပ် (၁)ထပ် ဆောက်လုပ်ခြင်း	၉	၅	၁၀	၅	၆	၃၅	၂

၃	အထက်တန်းကျောင်း(ခွဲ) စာသင် ကျောင်းဆောင် သစ်ဆောက်လုပ်ခြင်း	၁၀	၅	၇	၅	၃	၃၀	၃
၄	ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း	၁၀	၅	၄	၆	၂	၂၇	၄
၅	ချောင်းကူးတံတားတည် ဆောက်ခြင်း	၁၀	၄	၂	၉	၁	၂၆	၅

ဖာနိုင်းကျေးရွာ ၊ ပုရစ်ဖာနိုင်းကျေးရွာအုပ်စုကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	အသက်	ဖုန်းနံပါတ်
၁	ဦးအောင်သန်းဌေး	ဦးသောင်းဖေ	၅/ဟမလ(နိုင်)၀၆၆၂၅၇	ဥက္ကဋ္ဌ	၃၅	၀၉- ၈၉၂၂၁၁၉၉၃
၂	ဦးကျော်မင်းနိုင်	ဦးသောင်းဖေ	၅/ဟမလ(နိုင်)၀၀၀၄၆၅	အတွင်းရေးမှူး	၄၆	၀၉-၂၅၉၅၉၀၀၂
၃	ဦးအောင်ဇော်ဝင်း	ဦးဌေးဝင်း	၅/ဟမလ(နိုင်)၀၇၀၇၄၆	စာရင်းကိုင်	၃၆	၀၉- ၄၀၁၅၄၃၉၃၄

၄	ဒေါ်မြင့်စိန်	ဦးဇော်ရင်	၅/ဟမလ(နိုင်)၀၆၅၂၀၆	ဘဏ္ဍာရေးမှူး	၃၉	၀၉- ၈၉၈၅၅၂၅၁၀
၅	ဦးပု	ဦးအောင်သိန်း	၅/ဟမလ(နိုင်)၁၁၃၇၄၇	အဖွဲ့ဝင်	၅၂	၀၉- ၄၄၂၉၀၉၂၅၇
၆	ဦးသံချောင်း	ဦးစိန်ဖေ	၅/ဟမလ(နိုင်)၀၅၅၆၈၈	အဖွဲ့ဝင်	၅၉	-
၇	ဦးသိန်းကျော်	ဦးအောင်သန်း	၅/မရန(နိုင်)၀၀၀၉၀၅	အဖွဲ့ဝင်	၄၈	၀၉-၂၅၇၁၈၀၉၁၄
၈	ဒေါ်အုန်းသူ	ဦးလှဖေ	၅/ဟမလ(နိုင်)၀၇၁၃၃၁၀	အဖွဲ့ဝင်	၄၆	-
၉	ဒေါ်ဆန်းအေး	ဦးစံဝ	၅/ဟမလ(နိုင်)၁၀၁၉၄၁	အဖွဲ့ဝင်	၃၁	၀၉- ၄၀၁၉၆၀၀၉၅

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

ဆာမိကျေးရွာ၊ ဟုမ္မလင်း မြို့ နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**ပညာရေး**					
	• ပညာရေး ဝန်ထမ်းအိမ်ရာ မလုံလောက်ခြင်း	• ဝန်ထမ်းအင်အား တိုးလာခြင်း။ • အိမ်ရာဟောင်း နွမ်းယိုယွင်းလာခြင်း။	• လုပ်အားများ စိုက်ထုတ်ပေးနိုင်သည်။	• ငွေရေးကြေးရေး မလုံလောက်ခြင်း။	• ကျေးလက်ဦးစီးဌာန ၏အကူအညီယူ အားအကောင်အ ထည်ဖော်သွားမည်၊	• ပညာရေး ဝန်ထမ်းများပျော် ရွှင်စေမည့်အိမ်ရာတည် ဆောက်ခြင်း။
၂	**လမ်း၊ တံတား၊ လျှပ်စစ်**					

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	• ကျောင်းအဆောက်အဦးမလုံလောက်ခြင်း။ • အာမခံချက်ပေးနိုင်သောတံတားမျိုးမရှိခြင်း။	• ကျောင်းသားဦးရေတိုးလာခြင်း။ • ဝန်တင်ကားကြီးများနေ့စဉ်ဖြတ်သန်းသွားလာနေခြင်း။	• လုပ်အားများပေးနိုင်သည်။	• ငွေရေးကြေးရေးမလုံလောက်ခြင်း။	• ကျေးလက်ဦးစီးဌာန၏အကူအညီယူကာအကောင်အထည်ဖော်သွားမည်။	• ဘဏ်စုံဖွံ့ဖြိုးတိုးတက်သည့်ကျောင်းအဖြစ်ဖန်တီးတည်ဆောက်ခြင်း။
၃။	**ကျန်းမာရေး**					
	• ဖုန်မှုန့်များထောင်းထောင်းထခြင်း။ • ကျန်းမာရေးစိန်ခေါ်မှုများခြင်း။	• ဖြတ်သန်းသွားလာမှုများခြင်း • ဝန်တင်ကားများဖြတ်သန်းသွားလာခြင်း။	• လုပ်အားများပေးနိုင်ခြင်း။	• ငွေရေးကြေးရေးမလုံလောက်ခြင်း။	• ကျေးလက်ဦးစီးဌာန၏အကူအညီယူကာအကောင်အထည်ဖော်သွားမည်။	• ခိုင်ခံကောင်းမွန်ကျယ်ဝန်းသောကွန်ကရစ်လမ်းတည်ဆောက်ခြင်း။
၄။	• **ခန်းမဆောင်**					
	• လူစုလူဝေးပြုလုပ်ရန်နေရာမလုံလောက်ခြင်း။	• လူနေအိမ်ခြေတိုးလာခြင်း၊ အစည်းအဝေးပြုလုပ်ရန် သီးသန့်နေရာမရှိသေးခြင်း။	• လုပ်အားများစိုက်ထုတ်ပေးနိုင်ပါသည်။	• ငွေရေးကြေးရေးမလုံလောက်ခြင်း။	• ကျေးလက်ဦးစီးဌာန၏အကူအညီယူကာအကောင်အထည်ဖော်ဆောင်ရွက်သွားမည်။	• ဘေးကင်းလုံခြုံသော ခန်းမတစ်ခုတည်ဆောက်ခြင်း၊ ကျယ်ဝန်းခန်းမဆောင်မရှိခြင်း။

လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၄၈ ဇယား)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၁	၁၂	၂၃
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၇၉	၆၁	၁၄၀
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၉၆	၉၆	၁၉၂
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၉၂	၉၃	၁၈၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၁၉	၄၆၆	၈၈၅
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၆	၃၅	၅၁
စုစုပေါင်း		**၇၁၃**	**၇၆၃**	**၁၄၇၆**
စုစုပေါင်း အိမ်ထောင်စု		**၂၆၂**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ဖာနိုင်းကျေးရွာတွင် အိမ်ထောင်စု(၂၆၂)အိမ်ထောင်စုရှိပြီး လူဦးရေ (၁၄၆၅)ယောက်ရှိပါသည်။ တစ်အိမ်ထောင်စုလျှင်ပျှမ်းမျှ (၅) ယောက်နှုန်းနေထိုင်ကြသည်၊ ကျား/မမွေးဖွားနှုန်းမှာ ပျှမ်းမျှအားဖြင့်

ကူညီကြသော်လည်း (၆၅)အထက် ကျား/မအချိုးမှာ အမျိုးသားဦးရေထက်ဝက်လျှော့ကျနေကြောင်း တွေ့ရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၈၃	၄၁၄	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄၄	၈၁	၂	မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၂	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	၆၄	မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁	မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၂	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	၁၃	မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	၃	မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၇	၉	၁၂	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၄	၁၀	မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ဧည့်ခံ ဝန်ဆောင်မှု လုပ်ငန်း (ဘားနှင့် ဧည့်ခံခြင်း အပါအဝင် ဧည့်ကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁၄	မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၂၃	၃၆	၂၅	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	၀	မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၂၆၂	၅၄၈	၁၅၇	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ**

ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ဖာနိုင်းကျေးရွာတွင် တောင်သူလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြသည်။ မြေယာမဲ့များမှာလည်း တောင်သူလုပ်ငန်းကိုသာ မှီခိုအားထားနေကြရသည်။ တောင်သူနားချိန်တွင်သာ တစ်ခြား ရွာသို့ လူငယ်လေးများ ရွှေလုပ်သားအဖြစ်သွားရောက်လုပ်ကိုင်ကြသည်။ပြည်ပသို့သွားရောက် လုပ်ကိုင်သူ ဦးရေမှာ ၄/၅ယောက်သာရှိသည်။အခြားဝင်ငွေရလုပ်ကိုင်သောလုပ်သားဦးရေနည်းပါးကြောင်းတွေ့ရသည်။

(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၇၀၀၀	၅၀၀၀	၇၀၀၀	၄၀၀၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၅၀၀၀	၅၀၀၀	၄၀၀၀	၄၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၅၀၀၀	၆၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၄၀၀၀	၀	၄၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၅၀၀၀	၀	၅၀၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ ဖာနိုင်းကျေးရွာတွင် တောင်သူလုပ်ငန်း၌ ကျား/မတန်းတူရရှိကြသော်လည်း ရွှေတွင်းလုပ်ငန်း ထုတ်ကုန်လုပ်ငန်း၊ဆောက်လုပ်ရေး လက်သမား/ပန်းရံ လုပ်ငန်းတို့တွင် အမျိုးသားများက အမျိုးသမီးများထက် ဝင်ငွေပိုရကြသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၀၅၈	ကောင်း ☒	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၀	ကောင်း ☐	သင့်☒	ညံ့ ☐
ဥယျာဉ်ခြံမြေ	၇၄	ကောင်း ☐	သင့်☒	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၇၀၃	ကောင်း ☐	သင့်☒	ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	၁၁.၀၀	ကောင်း☐	သင့်☒	ညံ့ ☐
စုစုပေါင်း	**၁၈၄၅**	☒		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ဖာနိုင်းကျေးရွာတွင် လယ်မြေအားလုံး နီးပါးမှာ ကောင်းမွန်သော်လည်း နှစ်စဉ်စိုက်ပြီးချိန်တွင် ရေလွှမ်းမိုးမှုကြောင့် အထွက်နှုန်းမှာကျဆင်းခဲ့ရသည်။ ကိုင်းကျွန်းမြေပိုင်ဆိုင်သော အိမ်ထောင်စုမှာနည်းပါးပြီး ပိုင်ဆိုင်မှုရှိသည့်သူများသာ စီးပွားရေးအခြေအနေ အတော်သင့်ကောင်းကြသည်။ ကိုင်းကျွန်းမြေထွက်သီးနှံများသာ ဈေးကောင်းရကြသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☒ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်☒ နည်း ☐ မရှိ ☐	လွယ်☐ ခက်☒ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☒ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☒ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☒ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ဖာနိုင်းကျေးရွာတွင် သယံဇာတတွင်းထွက်အနေဖြင့် ရွှေအနည်းငယ်ထွက်သည်။ ရွှေထွက်သော တောင်ပေါ်နေရာ၌ ကျောက်နှင့်ကျောက်စရစ်အသင့်တင့်ရှိသော်လည်း လမ်းအခက်အခဲကြောင့် သယ်ယူရမလွယ်ကူပါ။ သဘာဝ ပင်မျိုးစိတ်များမှာ မြစ်ရေလွှမ်းချိန်မှလွဲ၍ရာသီကုန်ပေါများသည်။ ရွာ၏ အရှေ့ဘက်တွင် ကြီးမားသော တောအုပ်ရှိသော်လည်း သဘာဝတိရိစ္ဆာန်မျိုးစိတ်များမှာ မရှိသလောက် ရှားပါးနေကြောင်းတွေ့ရသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**

	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀	၂၀	၂၀	၁၂
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	-	-	-	-
အဓိကစီးပွားရေး လုပ်ငန်း	-	-	-	-
အိမ်ထောင်စု	၂၀	၁၆၅	၆၂	၁၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာတွင် တောင်သူလုပ်ငန်းနှင့် တွဲဖက်၍ အခြားဝင်ငွေရလုပ်ငန်းတို့၌ ကိုယ်ပိုင်လုပ်ကိုင်ကြသူတို့သာ စီးပွားရေးအရ အဆင်ပြေကြသည်။ မြေယာမဲ့နှင့် အခြားကျပန်းလုပ်ငန်းလုပ်ကိုင်ကြသူတို့မှာ ဝမ်းစာဖူလုံမှုအဆင့်သာရှိသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ (မရေးရပါ)

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၂၅		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၁၂		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၀		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာတွင် (၆၄)နှစ်အထက် သက်ကြီးရွယ်အိုများကို မိသားစုဝင်များကကောင်းမွန်စွာ ပြုစုစောင့်ရှောက်ကြသည်။ မိသားစုစောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်မရှိပါ။ သို့သော်မုဆိုးဖို၊ မုဆိုးမ ၊ တစ်ခုလပ် ဦးဆောင်သည့် မိသားစုဝင်များ ပြီး ဆင်းရဲသော အိမ်ထောင်စုများစွာရှိပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာတွင် မုန်တိုင်း၊ မီးဘေး ၊ ဆားငန်ရေ ၊ တီဘီရောဂါ၊ လူကုန်ကူးခြင်းများမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဧယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာတွင် လက်ရှိအနေအထားအရ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများမှာ လူငယ်များသာအနည်းငယ်တွေ့ရပါသည်။အကြောင်းအရင်းမှာ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်အစရှိသော ရောဂါများကြောင့် အသက်ဆုံးရှုံးမှုများဖြစ်ပွားနေရကြောင်း တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျောင်းကော်မတီအဖွဲ့	၁☐ ၂☑ ၃☐	၁၁	၅	၁၆	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	မိဘဆရာအသင်း	၁☐ ၂☑ ၃☐	၁၀	၅	၁၅	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၃	လူငယ်အဖွဲ့	၁☐ ၂☑ ၃☐	၂၀	၃၀	၅၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၄	ဝိသာခါအဖွဲ့	၁☐ ၂☑ ၃☐	၀	၂၅	၂၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၅	မီးသတ်အဖွဲ့	၁☐ ၂☑ ၃☐	၅၀	၀	၅၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☒	
၆	ဂေါပကအဖွဲ့	၁☐ ၂☐ ၃☒	၁၀	၀	၁၀	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☒ သင့် ☐ ညံ့ ☐
၇	ကြက်ခြေနီ အဖွဲ့	၁☐ ၂☒ ၃☐	၂၀	၁၅	၃၅	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ - ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာတွင် ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ ရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	Malin	၁☐ ၂☒ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☒ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၂		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၄		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၆		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ – ခမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာတွင် NGO အဖွဲ့အစည်းဖြစ်သည့် Malin မှ ဆေးစိမ်ခြင်ထောင်၊ ယင်လုံအိမ်သာ၊ ခွက်စသည့် ကျန်းမာရေးနှင့်ဆိုင်သော ပစ္စည်းများ ဝေငှခြင်း ရှိခဲ့ဖူးပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၇၅	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၂	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၄၈	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၇၆	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၅၁	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၂၆၂	၀

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာတွင် တောင်သူလုပ်ငန်းကို အဓိကထား လုပ်ကိုင်သော ကျေးရွာဖြစ်သည်။ မြေယာတောင်သူများသည် မြေယာဌားရမ်းလုပ်ကိုင်ခြင်း တောင်သူလုပ်သားအဖြစ် အလုပ်ကိုင်ခြင်းတို့ဖြင့်အသက်မွေးဝမ်းကျောင်းပြုကြသည်။တစ်ချို့သော တောင်သူကြီး များသည် ကိုယ်တိုင်လုပ်ကိုင်ခြင်းမရှိဘဲ သီးစားချစား၍သာ လုပ်ကိုင်ကြပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၆	လက်င်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာတွင် ကျေးရွာတွင်းရှိ လယ်ယာမြေအားလုံးသည် မိုးရေခံလယ်မြေများကိုသာ အသုံးပြုကြပါသည်။ ရာသီဥတု ညီညွတ်သော နှစ်များတွင် အထွက်နှုန်းကောင်းပြီး မညီညွတ်သောနှစ်များတွင် အထွက်နှုန်းများ ကျဆင်းလေ့ရှိပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) **အဓိကသီးနှံများနှင့် အထွက်နှုန်း**

သီးနှံ	စုစုပေါင်းစိုက်	တစ်ဧက အထွက်နှုန်း	သီးနှံစိုက်ပျိုး သည့်ကာလ	သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ

	ဧက	ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ	သာ ရွေးရန်)	ရွေးရန်)
မိုးစပါး	၁၀၁၀	တင်း	၂၀	၆၀	၄၀	စက်တင်ဘာ	ဧနှစ်ပါရီ	မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
မြေပဲ	၅၈၁	တင်း	၂၅	၄၀	၃၀	ဒီဇင်ဘာ	ဧပြီ	မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
သီးနှံကြမ်း	၁၂၂	တင်း	၁၅	၃၀	၂၅	အောက်တိုဘာ	မတ်	မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
နွေစပါး	၄၈	တင်း	၂၀	၆၀	၄၀	ဧနှစ်ပါရီ	ဇွန်	မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာတွင် မိုးစပါးကို အဓိကထား စိုက်ပျိုးကြသည်။ ရာသီဥတုညီညွတ်လျှင် တင်း(၆၀)ထွက်ပြီး မညီညွတ်လျှင် (၂၀)တင်းသာ ထွက်ရှိပါသည်။ လုပ်သားဌားရမ်းခမှာ တစ်နေ့လျှင် စပါး(၁) တင်းကျဖြစ်ပြီး ၊ မအောင်မြင့်သည့်နှစ်များတွင် အရှုံးနှင့် ရင်ဆိုင်ကြရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၂	၀	၀	၇
လက်တွန်းထွန်စက်	၁၁၇	၀	၀	၂၈
အစေ့ချ ကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ရိတ်သိမ်းစက်	၄	၀	၀	**၅**
ခြွေလှေ့စက်	၄	၀	၀	၁၃၇
ရေစုပ်စက်	၃၈	၀	၀	၁၁
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၈	၀	၀	၁၀

ရင်းမြစ်... (၁) **ဆယ်အိမ်စုဆွေးနွေးပွဲ၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာတွင် မြေယာ (၅) ဧကနှင့် အထက် ရှိသော တောင်သူအားလုံးနီးပါး လက်တွန်းထွန်စက်ကို ဝယ်ယူအသုံးပြုကြသည်။ရွာပိုင် / အဖွဲ့ပိုင် ဟူ၍မရှိပါ။ အချိန်နှင့်ရာသီဥတုကိုလိုက်၍ ထွန်ရေးမိအောင် တစ်ခြားရွာများကို (ကိုဘိုတာ) ထွန်စက်ကြီးများကို တောင်သူအားလုံးနီးပါး ငှားရမ်း အသုံးပြုကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) **သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**အလွန်ကောင်း□ ကောင်း□ သင့်တင့်မျှတ□ မဖြေဆိုပါ□**
လယ်ယာမြေ အသုံးချနိုင်မှု	**အလွန်ကောင်း□ ကောင်း□ သင့်တင့်မျှတ□ မဖြေဆိုပါ□**
စိုက်ပျိုးရေ အရင်းအမြစ်	**ပေါများ □ အသင့်အတင့်ရှိ□ မဖြေဆိုပါ□**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည် □ ရသည် □ မဖြေဆိုပါ □**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် □** **သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် □ မဖြေဆိုပါ □**

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည် □ ဝယ်ယူရနိုင်သည် □ မဖြေဆိုပါ □**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည် □ မဖြေဆိုပါ □**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူ ရနိုင်သည်□ ရနိုင်သည် □ မဖြေဆိုပါ □**
နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူ ရနိုင်သည်□ ရနိုင်သည်□ မဖြေဆိုပါ □**
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် □** **သီးနှံများကို ရောင်းချနိုင်သည် □ မဖြေဆိုပါ □**

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။
လေ့လာတွေ့ရှိချက်။ ။ ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာ၏ လယ်ယာမြေသည် မြစ်ရေ လွှမ်းမိုးမှုကြောင့် မြေဆီမြေဩဇာကောင်းမွန်သော်လည် ဆည်ရေသောက်မရှိသည့်အတွက် မိုးရေတစ်ခုတည်းကိုသာ မှီခိုနေရပါသည်။ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများကို ဈေးကွက်တွင် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည်။ ထွက်ရှိသော သီးနှံများကို ဈေးနည်းသော်လည်း ရောင်းချနိုင်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန် ☒ မဖြေဆိုပါ☐**
လယ်ယာမြေ အသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐** **လယ်ယာမြေဆုံးရှုံးမှုများသည် ☐** **လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☒** **ပလပ်မြေများရှိသည် ☐** **ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☐**
စိုက်ပျိုးရေ အရင်းအမြစ်	**အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☒ လုံးဝမရ ☐ မဖြေဆိုပါ ☐**
နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူမရနိုင်☐ လုံးဝမရ ☒ မဖြေဆိုပါ ☐**
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☒** **သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐ မဖြေဆိုပါ ☐**
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	**ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☒ အနည်းငယ် ☐ မဖြေဆိုပါ ☐**

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးတွင် ရာသီဥတုမမှန်ခြင်း၊ ရေလွှမ်းမှုတို့ကြောင့် စပါးထွက်နှုန်းလျော့နည်းနေရသည်။ အလုပ်သမားခ ကြီးမြင့်မှု နည်းပညာဝန်ဆောင်မှု မရှိခြင်းတို့ကြောင့် သာမာန်လယ်သမားတို့၏ ဘဝမှာတိုးတက်မှုမရှိလှပါကြောင့် တွေ့ရှိရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) **မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၆၆	၂၈၂
နို့စားနွား	၀	၀
ကျွဲ	၅၆	၃၁၃
မြင်း	၄	၆
မြည်း	၀	၀
လား	၀	၀
ဆိတ်	၀	၀
သိုး	၀	၀
ဝက်	၈၉	၂၁၆
ကြက်	၉၂	၇၂၈
ဘဲ	၂	၁၁
နွားနောက်	၀	၀
ငါးလုပ်ငန်း		
ငါးကန်	၀	၀
ပုဇွန်ကန်	၀	၀
ဂဏန်း မွေးမြူရေးလုပ်ငန်း	၀	၀
ရေချို ငါးဖမ်းလုပ်ငန်း	၀	၀
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	၀	၀

ရင်းမြစ်... (၁) **ဆယ်အိမ်စုဆွေးနွေးပွဲ၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ပုရစ်ဖာနိုင်းကျေးရွာအုပ်စု၊ ဖာနိုင်းကျေးရွာတွင် လယ်ယာလုပ်ငန်းသုံး အတွက် ကျွဲ၊နွားတို့ကိုသာ အဓိကထားမွေးမြူကြပါသည်။ ယခုနောက်ပိုင်း လယ်ယာလုပ်ငန်းသုံးလက်တွန်း ထွန်စက်များအစားထိုးဝင်ရောက်လာမှုကြောင့် ကျွဲ၊နွား မွေးမြူမှုလျော့နည်းလာသည်။ကြက်၊ ဝက် မွေးမြူမှုမှာ

ရာသီဥတုကိုလိုက်၍ ကြက်နာ/ဝက်နာများကျသောကြောင့် အကောင်အရေအတွက်မှာ တစ်ဖြည်းဖြည်းလျော့နည်း လာရခြင်းဖြစ်ပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

